ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊**

**စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

**ကျောက်မျက်ရတနာသတ်မှတ်/ဖော်ထုတ်လုပ်ကွက်များနှင့်လစ်လပ်လုပ်ကွက်များအတွက်အဆိုပြုလွှာများတင်သွင်းရန်**

**ကြေညာချက် (၁၀/၂၀၁၅)**

နေပြည်တော်၊ ၁၃၇၇-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ( ၁၀ )ရက်

(၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များနှင့်လစ်လပ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ **လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေး ခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်)နိုင်ငံတော်ကအသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement) ကို ပူးတွဲတင်ပြလျှောက်ထားရမည် ဖြစ်ပါသည်။**

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာထုတ်ယူခြင်း။** ၂၀၁၅ ခုနှစ်၊အောက်တိုဘာလ(၁၄)ရက်နေ့မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီးအဆိုပြုလွှာထုတ်ယူခြင်း၊လုပ်ကွက်မြေပုံများကိုကြည့်ရှုလေ့လာခြင်းများဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပူးတွဲ ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ(မကလ-၅)နှင့်ပူးတွဲပုံစံ(ဖထ-၁)

တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (**၁၄**)ရက်နေ့မှနိုဝင်ဘာလ(**၁၃**)ရက်နေ့အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိတ်ပိတ်အဆိုပြုလွှာများတင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ(Deposit)ကျပ် တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းရပါမည်။

၅။ အဆိုပြုလျှောက်ထားသော ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ကြမ်းခင်းဈေးမှာ လုပ်ကွက်တစ်ကွက်လျှင် ကျပ် ၁ ၀၀၀ ၀၀၀/- (**တစ်ဆယ်သိန်းကျပ်တိတိ**)ဖြစ်ပါသည်။

၆။ အမည်မည်း (Black List) စာရင်း တင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများကို ကျောက်စိမ်း၊ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၇။ ကြေညာခေါ်ယူမည့်လုပ်ကွက်များစာရင်းနှင့် မြေပုံများအားလုံးကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ သက်ဆိုင်ရာရတနာနယ်မြေများအလိုက် ကြေညာခေါ်ယူမည့်လုပ်ကွက်များစာရင်းနှင့်မြေပုံများကို မိုးကုတ်မြို့၊ မိုင်းရှူးမြို့များတွင်ရှိသည့် ကျောက်မျက်တူးဖော်ရေးဌာနများနှင့် ဖားကန့်မြို့၊ မိုးညှင်းမြို့၊ ခန္တီးမြို့များတွင်ရှိသည့် ကျောက်စိမ်းတူးဖော်ရေးစခန်းများတွင်လည်းကောင်း ကြေညာသင်ပုန်းများတွင် ကြော်ငြာထားပါသဖြင့် အသေးစိပ်သိရှိလိုသူများသည် ၎င်းဌာနများသို့ သွားရောက်ဆက်သွယ်ကြည့်ရှုနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ